ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၂၂) ၂၀၂၄ ခုနှစ် ဇွန်လ ၇ ရက်

## မာတိကာစဉ်

၁။ မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင်ဖော်ပြလျက်ရှိသော အမိန့်ကြော်ငြာစာအသစ်များအကြောင်း သိကောင်းစရာ ။ ၂-၄

၂။ ကျောက်ကပ်လှူဒါန်းခြင်းနှင့်ကျောက်ကပ်အစားထိုးကုသခြင်းနှင့်စပ်လျဉ်း၍ လိုက်နာရန်ညွှန်ကြားချက်နှင့်စပ်လျဉ်းသည့်သတင်းစဉ်။ ၅-၆

၃။ မိသားစုဝင်များ၏ ရုပ်အလောင်းများကို TV ရုပ်သံတွင် တွေ့မြင်ခဲ့ရသဖြင့် ရုပ်သံကို တရားစွဲဆိုခြင်းဖြစ်စဉ်။ ၇-၈

၄။ ထိုင်းနိုင်ငံ၏ဥပဒေအသစ်ဖြစ်သည့် နယ်စပ်ဖြတ်ကျော်သတင်းအချက်အလက် နှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်များ။ ၉-၁၁

## မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ဖော်ပြလျက်ရှိသော အမိန့်ကြော်ငြာစာအသစ်များအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ထုတ်ပြန်သည့် တီထွင်မှုမူပိုင်ခွင့်ဥပဒေအာဏာတည်သည့်နေ့ရက်သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာ၊ အမျိုးသားမြေအသုံးချမှုကောင်စီပြင်ဆင်ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီပြင်ဆင်ဖွဲ့စည်းခြင်းအမိန့်ကြော်ငြာစာ၊ ပြန်ကြားရေးဝန်ကြီးဌာနမှထုတ်ပြန်သည့် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီများဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာတို့ကို အများပြည်သူများလွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားသည်။

တီထွင်မှုမူပိုင်ခွင့်ဥပဒေကို ၁၁-၃-၂၀၁၉ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇ ဖြင့်ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ယင်းဥပဒေပုဒ်မ ၁(ခ)အရ ၃၁-၅-၂၀၂၄ ရက်နေ့တွင် စတင်အာဏာတည်ကြောင်း အမိန့်ကြော်ငြာစာအမှတ် ၁၀၆/၂၀၂၄ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

မူပိုင်ခွင့်ဆိုသည်မှာ ကိုယ်ပိုင်အသိဉာဏ်ဖြင့်ပြုလုပ်သောတီထွင်ဖန်တီးမှုများကို အကာအကွယ်ပေးရန် ဥပဒေအရပေးအပ်သည့်အခွင့်အရေးကို ဆိုသည်။ ယင်းစကားရပ်တွင် စာပေနှင့်အနုပညာမူပိုင်ခွင့်၊ တီထွင်မှုမူပိုင်ခွင့်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်၊ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်နှင့် အခြားသော မူပိုင်ခွင့်အမျိုးအစားများလည်းပါဝင်သည်ဟု တီထွင်မှုမူပိုင်ခွင့်ဥပဒေပုဒ်မ ၂(ဈ) ၌လည်းကောင်း၊ တီထွင်မှုဆိုသည်မှာ နည်းပညာနယ်ပယ်ရှိ သီးခြားအခက်အခဲပြဿနာတစ်ရပ်ကို ဖြေရှင်းပေးနိုင်သည့်ထုတ်ကုန် သို့မဟုတ် ထုတ်လုပ်မှုနည်းစဉ်ဆိုင်ရာဖန်တီးမှုကိုဆိုသည်။ ယင်းစကားရပ်တွင်အသေးစားတီထွင်မှုလည်းပါဝင်သည်ဟု ယင်းဥပဒေပုဒ်မ ၂(ည)၌လည်းကောင်း၊ တီထွင်မှုမူပိုင်ခွင့်ဆိုသည်မှာ တီထွင်မှုတစ်ခုကိုအကာအကွယ်ပေးရန် ဤဥပဒေအရခွင့်ပြုသည့်မူပိုင်ခွင့်ကိုဆိုသည်ဟု ယင်းဥပဒေပုဒ်မ ၂(ဋ) ၌လည်းကောင်း၊ မူပိုင်ခွင့်တရားရုံးဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က

မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များကို စစ်ဆေးစီရင်ရန် ဥပဒေအရတည်ထောင်သောတရားရုံးကိုသော်လည်းကောင်း၊ ယင်းရုံး၏စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များအပ်နှင်းထားသည့်တရားရုံးကိုသော်လည်းကောင်းဆိုကြောင်း ယင်းဥပဒေ ပုဒ်မ ၂ (န) ၌လည်းကောင်း အသီးသီးအဓိပ္ပာယ်ဖွင့်ဆိုထားသည်။

တီထွင်မှုမူပိုင်ခွင့်ရရှိသူနှင့်တီထွင်သူတို့၏ အခွင့်အရေးနှင့်အကျိုးစီးပွားကို ဤဥပဒေနှင့်အညီ အကာအကွယ်ပေးရန်၊ နည်းပညာဆိုင်ရာဆန်းသစ်တီထွင်မှုများနှင့် နည်းပညာဖြန့်ဖြူးလွှဲပြောင်းရေးတို့ကိုမြှင့်တင်နိုင်ခြင်းအားဖြင့် နိုင်ငံတော်၏ကုန်ထုတ်လုပ်မှုကို ဖွံ့ဖြိုးတိုးတက်စေရန်၊ တီထွင်သူများနှင့်တီထွင်မှုကို အသုံးပြုသူများအကြား နည်းပညာဗဟုသုတနှင့် လူမှုစီးပွားဘဝသာယာဝပြောရေးများကို အပြန်အလှန်အကျိုးပြုစေရန်၊ တီထွင်သူများနှင့်တီထွင်မှုကို သုံးစွဲသူများ၏အခွင့်အရေးနှင့်စောင့်ထိန်းရမည့်တာဝန်ဝတ္တရားများအကြား ဟန်ချက်ညီနိုင်ရေးတို့တွင် အထောက်အကူဖြစ်စေရန်၊ တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် အခွင့်အရေးရရှိသူမှ တီထွင်မှုမူပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်းနှင့် ကုန်သွယ်မှုတွင်သင့်တင့်မျှတမှုမရှိဘဲ ထိန်းချုပ်ထားခြင်းတို့ကို ဟန့်တားနိုင်ရန်၊ တီထွင်ဖန်တီးသောလူမှုပတ်ဝန်းကျင်ဖြစ်ပေါ်ရေးအတွက်အားပေးရန် ရည်ရွယ်ချက်များဖြင့် ဤဥပဒေကို ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

မူပိုင်ခွင့်တရားရုံးတည်ထောင်ခြင်းတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုမှုများကိုစစ်ဆေးစီရင်ရန် သင့်လျော်သောနယ်မြေဒေသတွင် မူပိုင်ခွင့်တရားရုံးများတည်ထောင်၍ တရားသူကြီးများကို ခန့်ထားနိုင်ကြောင်း၊ ထိုတရားသူကြီးများအား မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များကို စစ်ဆေးစီရင်နိုင်ရန် စီရင်ပိုင်ခွင့်အာဏာနှင့်လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်ကြောင်း၊ မူပိုင်ခွင့်တရားရုံးများကို တည်ထောင်ခြင်းမပြုမီ မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များကို စစ်ဆေးစီရင်ရန် သင့်လျော်သောတရားရုံးအား မူပိုင်ခွင့်တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့်လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်ကြောင်း၊ မူပိုင်ခွင့်တရားရုံးများက ချမှတ်သောစီရင်ချက်၊အမိန့်နှင့်ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများကို စီရင်ပိုင်ခွင့်ရှိသည့်မူပိုင်ခွင့်တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်

ပေးရမည်ဖြစ်ကြောင်း၊ ပုဒ်မ ၉၄ အရ လျှောက်ထားချက်များကိုစစ်ဆေးစီရင်ရန် သင့်လျော်သည့် မူပိုင်ခွင့်တရားရုံးသို့ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များအပ်နှင်းရမည်ဖြစ်ကြောင်းတို့ကိုလည်း တွေ့ရှိရပါသည်။

တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာအခွင့်အရေးထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ မူပိုင်ခွင့်တရားရုံး၏ လုပ်ပိုင်ခွင့်များကို ဤဥပဒေအခန်း(၂၃)၊ပုဒ်မ ၉၆ မှ ၁၀၄ အထိပြဋ္ဌာန်းထားပြီး မူပိုင်ခွင့်တရားရုံးသည် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာအခွင့်အရေးထိပါးချိုးဖောက်ခြင်းအတွက် အရေးယူဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဤဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိလျှင် သက်သေခံအက်ဥပဒေ၊ တရားမ ကျင့်ထုံးဥပဒေနှင့် အခြားစပ်ဆိုင်သည့်တည်ဆဲဥပဒေတို့ပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက် နိုင်ကြောင်းကိုလည်း တွေ့ရှိရပါသည်။

အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင်မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါတီထွင်မှုမူပိုင်ခွင့်နှင့် စပ်လျဉ်းသည့်ပြစ်မှုတစ်ရပ်ရပ်ကို ဤဥပဒေဖြင့်သာ အရေးယူရမည်ဖြစ်ကြောင်း၊ တီထွင်ထားသည့် ထုတ်ကုန်နှင့်ထုတ်လုပ်မှုနည်းစဉ်တို့သည် ဒြပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ထိတွေ့၍ရနိုင်သည် ဖြစ်စေ၊မရနိုင်သည်ဖြစ်စေ မည်သည့်ပုံစံဖြင့်မဆိုရှိစေကာမူ ရွှေ့ပြောင်းနိုင်သောပစ္စည်းအဖြစ် မှတ်ယူ ရမည်ဖြစ်ကြောင်း စသည့်အချက်များပြဋ္ဌာန်းထားသည်ကိုလည်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ တီထွင်မှုမူပိုင်ခွင့်ဥပဒေအား သိရှိလေ့လာလိုသူများအနေဖြင့် MLIS Website တွင် ဝင်ရောက်လေ့လာဖတ်ရှုနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

e-Government ဌာနခွဲ

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ(၂) အမှတ် (၂၂) ၂၀၂၄ ခုနှစ် ဇွန်လ ၇ ရက်

## ကျောက်ကပ်လှူဒါန်းခြင်းနှင့် ကျောက်ကပ်အစားထိုးကုသခြင်းနှင့်စပ်လျဉ်း၍ လိုက်နာရန် ညွှန်ကြားချက်နှင့်စပ်လျဉ်းသည့်သတင်းစဉ်

ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာကြီးကြပ်မှုကော်မတီသည် ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာဥပဒေပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ၂၀၂၄ ခုနှစ်၊မေလ ၃၀ ရက်နေ့တွင် ညွှန်ကြားချက်အမှတ် ၁/၂၀၂၄ဖြင့် ကျောက်ကပ်လှူဒါန်းခြင်းနှင့်ကျောက်ကပ်အစားထိုးကုသခြင်းနှင့်စပ်လျဉ်း၍ လိုက်နာရန်ညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

ယင်းညွှန်ကြားချက်တွင် ကုသရေးဌာနများသည် ကျောက်ကပ်လှူဒါန်းခြင်းနှင့် ကျောက်ကပ်အစားထိုးကုသခြင်းနှင့်စပ်လျဉ်း၍ ကျောက်ကပ်လှူဒါန်းသူနှင့် ကျောက်ကပ်အစားထိုးခံယူသူတို့၏ သွေးသားတော်စပ်မှုအုပ်စုသတ်မှတ်ချက်အပေါ်မူတည်၍ ပြည်သူ့ဆေးရုံများဖြစ်လျှင် ကျောက်ကပ်လှူဒါန်းသူနှင့်ကျောက်ကပ်အစားထိုးကုသမှုခံယူသူတို့သည် သွေးသားအုပ်စု (First-degree relative) သို့မဟုတ် သွေးချင်းစပ်အုပ်စု (Second-degree relative) သို့မဟုတ် သွေးမစပ်အုပ်စု (Non-blood relative)ဖြစ်ပါက သက်ဆိုင်ရာဆေးရုံကျင့်ဝတ်ဆိုင်ရာလုပ်ငန်းအဖွဲ့၏ သဘောထားမှတ်ချက်ရယူပြီး ကော်မတီ၏အတည်ပြုဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ၎င်းတို့သည် သွေးမစပ်အုပ်စု (Non-blood relative)ဖြစ်ပါက သက်ဆိုင်ရာမြို့နယ်တရားသူကြီးရှေ့မှောက်တွင် ကျမ်းကျိန်ထားသော ကျောက်ကပ်လှူဒါန်းသူ၏ကျမ်းကျိန်လွှာနှင့် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုခံယူမည့်သူ၏ ကျမ်းကျိန်လွှာ ပူးတွဲပါရှိရမည်ဖြစ်ကြောင်းနှင့် ကျောက်ကပ်အစားထိုးကုသခြင်းပြုရန် ကျန်းမာရေးဝန်ကြီးဌာနကခွင့်ပြုထားသည့်ပုဂ္ဂလိကဆေးရုံများဖြစ်လျှင် ကျောက်ကပ်လှူဒါန်းသူနှင့် ကျောက်ကပ်အစားထိုးကုသမှုခံယူသူတို့သည် သွေးသားရင်းအုပ်စု (First-degree relative) သို့မဟုတ် သွေးချင်းစပ်အုပ်စု (Second-degree relative) သို့မဟုတ် သွေးမစပ်အုပ်စု (Non-blood relative) ဖြစ်ပါက သက်ဆိုင်ရာ ပုဂ္ဂလိကဆေးရုံကျင့်ဝတ်ဆိုင်ရာလုပ်ငန်းအဖွဲ့၏သဘောထားမှတ်ချက်ဖြင့် ကိုယ်အင်္ဂါအစိတ်အပိုင်းအရည်အသွေးစစ်ဆေးရေးအဖွဲ့မှတစ်ဆင့် ကော်မတီသို့တင်ပြ၍ ကော်မတီ၏အတည်ပြုဆုံးဖြတ်ချက်ဖြင့်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ၎င်းတို့သည် သွေးမစပ်အုပ်စု(Non-blood relative)ဖြစ်ပါက သက်ဆိုင်ရာ

မြို့နယ်တရားသူကြီးရှေ့မှောက်တွင် ကျမ်းကျိန်ထားသော ကျောက်ကပ်လှူဒါန်းသူ၏ကျမ်းကျိန်လွှာနှင့် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုခံယူမည့်သူ၏ ကျမ်းကျိန်လွှာပူးတွဲပါရှိရမည်ဖြစ်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊အမိန့်နှင့် ညွှန်ကြားချက်များစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: ကျန်းမာရေးဝန်ကြီးဌာန

## မိသားစုဝင်များ၏ ရုပ်အလောင်းများကို TV ရုပ်သံတွင် တွေ့မြင်ခဲ့ရသဖြင့် ရုပ်သံကို တရားစွဲဆိုခြင်းဖြစ်စဉ်

၂၀၂၂ခုနှစ် Mc Kinney တောမီးလောင်မှုတွင် သေဆုံးခဲ့သည့်ကယ်လီဖိုးနီးယားစုံတွဲတစ်တွဲ၏ ရုပ်အလောင်းများကို TV ရုပ်သံနှစ်ခုက ဖော်ပြခဲ့သည့်အတွက် မိသားစုဝင်များက အဆိုပါရုပ်သံကို တရားစွဲဆိုခဲ့သည့်ဖြစ်စဉ်ဖြစ်ပါသည်။

Private property ဆိုင်ရာ ခိုးယူမှုဖြင့် ရုပ်သံထုတ်လွှင့်ခဲ့သည့် camera operator များကို မေလ ၁၆ ရက်နေ့က တရားစွဲဆိုခဲ့ခြင်းဖြစ်ပါသည်။

အဆိုပါရုပ်သံကို ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် ထုတ်လွှင့်ခဲ့ခြင်းဖြစ်ပြီး တောမီးလောင်မှုမှာ ပါဝင်ခဲ့သည့်စုံတွဲသည် ကားဖြင့်ထွက်ပြေးရန်ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ဘဲ မီးလောင်သေဆုံးသွားခဲ့ရခြင်းဖြစ်ပါသည်။ မိသားစုဝင်များသည်သတင်းကြည့်နေစဉ် အဆိုပါထုတ်လွှင့်မှုကိုမြင်တွေ့ခဲ့ရပြီးနောက် ကျန်ရှိမိသားစုဝင်များက ရုပ်သံထုတ်လွှင့်သူများထံ နစ်နာကြေးတောင်းခံခဲ့ကြခြင်းဖြစ်ပါသည်။ ၎င်းတို့၏ပူဆွေးသောကမှုမှတစ်ဆင့် အကျိုးအမြတ်ရယူခြင်း၊ ဖြစ်ရပ်ဆိုးဖြင့်သေဆုံးသွားသည့် မိသားစုဝင်များ၏ဖြစ်ရပ်အပေါ် ဖြေသိမ့်ဖြတ်ကျော်နေရသည့် ကျန်ရှိမိသားစုဝင်များ၏နေ့စဉ်ဘဝများကိုဆိုးရွားစေသည့်အတွက် တရားစွဲဆိုရခြင်းဖြစ်သည်ဟု တရားစွဲဆိုမှုတွင်ဖော်ပြထားရှိပါသည်။

ကိုယ်ရေးကိုယ်တာ သို့မဟုတ် ပုဂ္ဂလိကဆိုင်ရာကိစ္စရပ်များကို ကျူးကျော်စွက်ဖက်မှု၊ ကျူးလွန်မှုနှင့် စိတ်ပိုင်းဆိုင်ရာနာကျင်သောကဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိ ထိခိုက်စေမှု၊ ပေါ့ဆမှုနှင့် မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်ပြီး သတင်းထုတ်လွှင့်ရာတွင်ရုပ်သံကိုလူကြည့်များစေရန် ရည်ရွယ်ပြီး ယခုဖြစ်စဉ်ကို ထုတ်လွှင့်မှုဖြစ်သည်ဟု စွပ်စွဲဖော်ပြထားပါသည်။

တရားစွဲဆိုခံရသောရုပ်သံများမှာ American Broadcasting Companies Inc. နှင့် CBS Broadcasting Inc. တို့ဖြစ်ပြီး ကားထဲတွင် သေဆုံးသွားသူများမှာ Charles နှင့် Judith Kays တို့ဖြစ်ပါသည်။ ယခုတရားစွဲဆိုမှုကို Charles နှင့် Judith Kays တို့၏သားနှင့်သမီးက တရားစွဲဆိုခဲ့ခြင်း

ဖြစ်ပြီး Judith Kays သည် Charles Kays ၏ညီမဖြစ်ပါသည်။ သေလွန်သူဇနီးမောင်နှံကို ရိုက်ကူးထုတ်လွှင့်ခြင်းသည် ကိုယ်ရေးကိုယ်တာနှင့်ပုဂ္ဂလိကဆိုင်ရာကိစ္စရပ်များအပေါ် ကျူးကျော်စွက်ဖက်ခြင်းကိစ္စရပ်ဖြစ်ပြီး ကျန်ရှိနေသောမိသားစုဝင်များဖြစ်သည့်တရားလိုများကို 'ရက်စက်ပြီးမတရားသောဆင်းရဲဒုက္ခများ' ခံစားရစေသည့် 'ရှုံရှာဖွယ်အကျင့်' ဖြစ်သည်ဟု ဖော်ပြတရားစွဲဆိုထားကြောင်းနှင့် အမှုမှာ  Huber v. Mason ဖြစ်ကြောင်း သိရှိရပါသည်။

ဥပဒေသုတေသနဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.abajournal.com/news/article/family-members-sue-networks-after-learning-of-loved-ones-deaths-by-seeing-bodies-on-TV

## ထိုင်းနိုင်ငံ၏ဥပဒေအသစ်ဖြစ်သည့် နယ်စပ်ဖြတ်ကျော်သတင်းအချက်အလက်နှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်များ

ထိုင်းနိုင်ငံသည် ၂၀၁၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် လူပုဂ္ဂိုလ်ဆိုင်ရာသတင်းအချက်အလက်ကာကွယ်ပေးရေးအက်ဥပဒေ( Personal Data Protection Act-PDPA) အရ နယ်စပ်ဖြတ်ကျော် လူပုဂ္ဂိုလ်ဆိုင်ရာသတင်းအချက်အလက်များနှင့်စပ်လျဉ်းသည့် စည်းမျဉ်း ၂ ခုအား လူပုဂ္ဂိုလ်ဆိုင်ရာ သတင်းအချက်အလက်ကာကွယ်ရေးကော်မတီက ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါစည်းမျဉ်းများသည် လူပုဂ္ဂိုလ်ဆိုင်ရာသတင်းအချက်အလက်ကာကွယ်ပေးရေးအက်ဥပဒေ ပုဒ်မ ၂၈ နှင့် ၂၉ အားခြုံငုံ၍ လူပုဂ္ဂိုလ်ဆိုင်ရာသတင်းအချက်အလက်များ နယ်စပ်ဖြတ်ကျော်လွှဲပြောင်းမှုအတွက် အဓိကအချက်များကိုအသေးစိတ်ဖော်ပြထားပါသည်။ အဆိုပါစည်းမျဉ်းများတွင် နယ်စပ်ဖြတ်ကျော်ဆောင်ရွက်နေသည့်ကုမ္ပဏီများအတွက် ပြဋ္ဌာန်းချက်များလည်း ပါဝင်ပါသည်။

၂၀၂၄ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် Whitelist Notice၊ Binding Corporate Rules ( BCR) နှင့် appropriate protection notice တို့ စတင်အာဏာသက်ရောက်ခဲ့ပါသည်။ Whitelist Notice သည် PDPA ၏ ပုဒ်မ ၂၈ အရ လူပုဂ္ဂိုလ်ဆိုင်ရာသတင်းအချက်အလက်များ ပြည်ပနိုင်ငံများသို့ လွှဲပြောင်းပေးခြင်းအားကာကွယ်ပေးခြင်းအတွက် စံနှုန်းသတ်မှတ်ဆောင်ရွက်ရန် ထုတ်ပြန်ခြင်းဖြစ်ပါသည်။ အဆိုပါထုတ်ပြန်ချက်အရ သတင်းအချက်အလက်လက်ခံရရှိသော ပြည်ပနိုင်ငံတစ်ခုခု သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုသည် ထိုင်းနိုင်ငံ၏ PDPA နှင့်အညီ အဆိုပါသတင်းအချက်အလက်ကို ထိန်းသိမ်းထားရမည်ဖြစ်ပါသည်။ ထို့ပြင် အဆိုပါနိုင်ငံများသည် သတင်းအချက်အလက်များအား ကာကွယ်ခြင်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဥပဒေဆိုင်ရာအကောင်အထည်ဖော် ဆောင်ရွက်သည့်နည်းလမ်းများနှင့်အဖွဲ့အစည်းများဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ လူပုဂ္ဂိုလ်ဆိုင်ရာ သတင်းအချက်အလက်ကာကွယ်ရေးကော်မတီက ယင်းအချက်များနှင့်ကိုက်ညီသည့်နိုင်ငံများနှင့်အဖွဲ့အစည်းများ၏စာရင်းအား ထိန်းသိမ်းထားရှိမည်ဖြစ်ပါသည်။

Binding Corporate Rules ( BCR)သည် စီးပွားရေးအုပ်စု သို့မဟုတ် ယင်းတို့၏တွဲဖက်အဖွဲ့အစည်းများအကြား သတင်းအချက်အလက်ဖလှယ်ခြင်းအား အကာအကွယ်ပေးရန်ရည်ရွယ်ပါသည်။ Appropriate protection notice သည် လူပုဂ္ဂိုလ်ဆိုင်ရာသတင်းအချက်အလက်အား ကာကွယ်ပေးခြင်းသာမက ဥပဒေဆိုင်ရာကုစားမှုအတွက် ထိရောက်သည့် ပြဋ္ဌာန်းချက်များပါဝင်ပါသည်။

PDPA ၏ ပုဒ်မ ၂၈ အရ နယ်စပ်ဖြတ်ကျော်သတင်းအချက်အလက်လွှဲပြောင်းမှုများကို လွယ်ကူချောမွေ့စေသည့်အဓိကအချက်မှာ ထိုင်းနိုင်ငံရှိ သတင်းအချက်အလက်ထိန်းချုပ်သူများမှ သတင်းအချက်အလက်လက်ခံသည့်နိုင်ငံ သို့မဟုတ် နိုင်ငံတကာအဖွဲ့အစည်းအား လုံလောက်သောသတင်းအချက်အလက်ကာကွယ်ရေးအဆင့်ဖြင့် ထိန်းသိမ်းထားရှိခြင်းဖြစ်ပါသည်။ ပုဒ်မ ၅ အရ ကာကွယ်မှုစံနှုန်းများကိုအကဲဖြတ်ရန်အတွက် အဓိကျသောအချက်များမှာ လက်ခံသည့်နိုင်ငံ သို့မဟုတ် အဖွဲ့အစည်း၏ဥပဒေဆိုင်ရာယန္တရားများသည် ထိုင်းနိုင်ငံ၏ လူပုဂ္ဂိုလ်ဆိုင်ရာသတင်းအချက်အလက်များကာကွယ်ရေးဥပဒေနှင့် ကိုက်ညီမှု ရှိ မရှိ အတည်ပြုခြင်း၊ သတ်မှတ်ထားသော ကိုယ်စားလှယ်ကသတင်းအချက်အလက်ကာကွယ်ရေးဥပဒေများကို စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်း နှင့် အချက်အလက်ကာကွယ်မှုချိုးဖောက်မှုများကြောင့် လက်ခံသည့်နိုင်ငံအတွင်း ချိုးဖောက်ခံရသည့်ပိုင်ရှင်များအတွက် ဥပဒေဆိုင်ရာကုစားမှုရရှိနိုင်မှုကို အတည်ပြုခြင်းတို့ဖြစ်ပါသည်။

PDPA ၏ ပုဒ်မ ၂၈ အရ၊ နယ်စပ်ဖြတ်ကျော်သတင်းအချက်အလက်လွှဲပြောင်းမှုများတွင် ကင်းလွတ်ခွင့်ပြုနိုင်သည့်အခြေအနေများမှာ နယ်စပ်ဖြတ်ကျော်အချက်အလက်လွှဲပြောင်းရာတွင် ဥပဒေအရလိုက်နာရန်လိုအပ်ခြင်း၊ လုံလောက်သည့်သတင်းအချက်အလက်မရရှိသည့်အပေါ် လက်ခံသည့်နိုင်ငံ သို့မဟုတ် နိုင်ငံတကာအဖွဲ့အစည်းများသို့ အကြောင်းကြားပြီးနောက် ယင်းတို့၏သဘောတူညီချက်နှင့်အညီရရှိခြင်း၊ စာချုပ်ပါတာဝန်များအားလိုက်နာရန် ဆောင်ရွက်ရခြင်း၊ အချက်အလက်လွှဲပြောင်းခြင်းသည် ထိုင်းနိုင်ငံအခြေစိုက်အဖွဲ့အစည်းနှင့် နိုင်ငံရပ်ခြားမှအဖွဲ့အစည်းတစ်ခုခုအကြားစာချုပ်အရ လိုက်နာရန်လိုအပ်ခြင်း၊ အခြားသူများ၏အသက်၊ခန္ဓာကိုယ် သို့မဟုတ် ကျန်းမာရေးကိုထိခိုက်မှုမှကာကွယ်ရန် အရေးကြီးသောအခြေအနေများတွင် အချက်အလက်အပ်နှံသူထံမှ

သဘောတူညီချက်ရယူရန် မလိုအပ်ခြင်း၊ နယ်စပ်ဖြတ်ကျော်သတင်းအချက်လွှဲပြောင်းခြင်းသည် ကမ္ဘာလုံးဆိုင်ရာကျန်းမာရေးသုတေသန သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေး၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကဲ့သို့သော သိသာထင်ရှားသည့် အများပြည်သူအကျိုး စီးပွားဆိုင်ရာလုပ်ရှားမှုများဖြစ်ပါသည်။

ထိုင်းနိုင်ငံသည် ထိုင်းနိုင်ငံသားများ၏ကိုယ်ရေးကိုယ်တာအချက်အလက်များကို ပြည်ပနိုင်ငံများသို့ လွှဲပြောင်းသည့်အခါ လုံခြုံမှုရှိစေရန်ရည်ရွယ်၍ နယ်စပ်ဖြတ်ကျော်အချက်အလက်လွှဲပြောင်းခြင်းဆိုင်ရာစည်းမျဉ်းအသစ်များကို အကောင်အထည်ဖော်ခဲ့ပါသည်။ ဤစည်းမျဉ်းများသည် လက်ခံရရှိသည့်နိုင်ငံ သို့မဟုတ် အဖွဲ့အစည်းက လုံလောက်သောအချက်အလက်ကာကွယ်မှုစံနှုန်းများနှင့် ထိန်းသိမ်းထားရှိရန် ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။ ကုမ္ပဏီများတွင် ဤလိုအပ်ချက်များနှင့် ကိုက်ညီရန် နည်းလမ်းနှစ်သွယ်ရှိပြီး ယင်းတို့မှာ PDPC မှဖော်ပြထားသောနိုင်ငံ သို့မဟုတ် အဖွဲ့အစည်းသို့ဒေတာလွှဲပြောင်းခြင်း သို့မဟုတ် PDPC မှအတည်ပြုထားသော Binding Corporate Rules (BCR) ဖြင့် ဆောင်ရွက်ခြင်းတို့ဖြစ်ပါသည်။ ဖော်ပြပါစည်းမျဉ်းများအား သီးခြားအခြေအနေများတွင် ခြွင်းချက်များဖြင့် ခွင့်ပြုထားကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကျမ်းကိုးစာရင်း

[New Thai Law Targets Cross-Border Data Flows (aseanbriefing.com)]

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

